## ကျေးဇူးတင်လွှာ

ဤစာအုပ်ကို မြန်မာကလေးများနှင့် သူတို့၏မိသားစုများအတွက် အထောက်အပံ့ဖြစ်စေရန်၊ ယူနီဆက်သည် လက်တွဲအလုပ်လုပ်လျက်ရှိသောဌာနအသီးသီးနှင့် အတူတကွထုတ်လုပ်ဖန်တီးခဲ့ပါသည်။

ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် မီဒီယာအသုံးပြု မိဘပညာပေးအစီအစဉ်
အတိုင်ပင်ခံပုဂ္ဂိုလ် - Ms. Barbara Kolucki
စာရေးသူ - အဖွဲ့
သရုပ်ဖော် - ဦးဝင်းနိုင် (အော်ပီကျယ်)
ကူညီပံ့ပိုးသူ - ဒေါ်ခင်မိုးမိုးအောင် (ယူနီဆက်) တို့နှင့်

ဤစာအုပ်ကို ပြုစုရာတွင်ပူးပေါင်းပါဝင်ခဲ့ကြသော-
ဒေါ်ခင်မျိုးလွင် (ပညာရေးစီမံကိန်း လေ့ကျင့်ရေးနှင့် ဦးစီးဌာန)၊ ဒေါ်ခိုင်သွယ်ဦး (ရင်သွေးအိမ်မူကြို)၊ ဦးလှချစ် (ဘဝတွက်တာ သိမှတ်စရာ)၊ ဦးမောင်မောင်သိုး (MAN အင်တာနေရှင်နယ်)၊ ဦးအောင်ရဲထွန်း (ပြန်ကြားဆက်သွယ်ပညာပေး အကြံပေးပုဂ္ဂိုလ်၊ ကုလသမဂ္ဂအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်)၊ ယူနီဆက်မှ ဒေါက်တာကျော်သင်း (စီမံကိန်းအရာရှိ)နှင့် ဒေါက်တာတင်မောင်ချစ် (စီမံကိန်းအရာရှိ)တို့အား ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် ဤစာအုပ်များပြုစုရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင်ပါဝင်ခဲ့ကြသောသူများ၊ စမ်းသပ်ကွင်းဆင်းသူအားလုံးတို့အား တန်ဖိုးရှိသောအချိန်များကိုမျှဝေပေးခြင်းအတွက် အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

unicef

ယူနီဆက် ရန်ကုန်၊ (၁၄)ထပ်၊ ကုန်သည်ကြီးများဟိုတယ်၊ ၂၂၃၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်။
ဖုန်း ၃၇၅၅၂၇၊ ၃၇၅၅၂၈၊ ၃၇၅၅၂၉၊ ၃၇၅၅၃၀၊ ဖက်(စ်) ၉၅-၁-၃၇၅၅၃၂

**အခမဲ့ဖြန့်ဝေသည်။**

ဤစာအုပ်ကို ထပ်မံရိုက်နှိပ်လိုပါက ယူနီဆက်၏ ခွင့်ပြုချက်ရယူပြီးမှ ရိုက်နှိပ်ပါရန်။

unicef ရွှေမိရဲ့တစ်နေ့တာ

# ရွှေမိရဲ့တစ်နေ့တာ



unicef



မိုးလင်းပြီ။
ငှက်လေးတွေလည်း နိုးနေပြီ။
ရွှေမိလည်း နိုးပြီပေါ့။




မျက်နှာသစ်ပြီး . . .




သွားတိုက်တယ်။



မနက်စာ စားလိုက်ဦး၊
ဒါမှ ရွှေမိအားရှိမှာ။




ဘွားဘွားအနားမှာ နေနော်၊
ရွှေမိက သိပ်အဖော်ရတာပဲ။



အစာ မစားခင်
လက်ကို စင်အောင်ဆေးရမယ်။



ဖိုက်တင်းသွားပြီ။
ခဏ အိပ်လိုက်ဦး။
ဘိုးဘိုး ပုံပြောပြမယ်နော်။




ရွှေမိလေး နိုးပြီလား။
သမီးနဲ့ကစားဖို့
ဖေဖေစောစောပြန်လာတာ။



ဒီတစ်ခါတော့ ဖေဖေက
ရွှေမိရဲ့ဆင်ကြီးပေါ့။




ရွှေမိနဲ့အတူ
အားလုံး ဝိုင်းစားကြမယ်။




မိုးချုပ်ပြီ။
ငှက်ကလေးတွေလည်း အိပ်ကုန်ပြီ။
ရွှေမိလေးလည်း အိပ်ချိန်ရောက်ပြီ။



အလုပ်သိပ်များတဲ့နေ့မို့
ရွှေမိလေး မောသွားပြီ။
သြော် . . . အိပ်ပျော်နေပြီပဲ။





# ပြုစုစောင့်ရှောက်သူများအတွက်အမှာစာ

သည်စာအုပ်လေးဟာ မွေးစမှ ၅နှစ်အရွယ် မြန်မာကလေးငယ်တွေအတွက်၊ ကလေးတွေရဲ့ မိဘမောင်နှမ ဆွေမျိုးသားချင်းများနဲ့တကွ ကလေးတွေကို ပြုစုစောင့်ရှောက်သူတွေ (ထိန်းကျောင်းနေသူတွေ) အတွက် ရည်ရွယ်ပါတယ်။ သည်အရွယ်ကလေးတွေဟာ ရုပ်ပုံတွေကြည့်ရတာ၊ ပုံနားထောင်ရတာ၊ စာအုပ်တွေနဲ့ ဆော့ရတာတွေကို အကြိုက်တွေ့တတ်ကြပါတယ်။ သည်အရွယ်လေးတွေအတွက် အက္ခရာတွေ၊ စကားလုံးတွေ၊ သင်္ချာကိန်းဂဏန်းတွေကို သင်ဖို့၊ မှတ်ဖို့ မလိုအပ်လှသေးပါဘူး။ စာသင်ဖို့ ကိုယ်ရောစိတ်ပါ သိပ်အဆင်သင့်မဖြစ်ချင်လှသေးတဲ့ ၅နှစ်၊ ၆နှစ်လောက် ကလေးတွေကို စာအတင်းဖတ်ခိုင်းမိခဲ့မယ်ဆိုရင် ကျောင်းနေတဲ့အရွယ်မှာရော နောက်ပိုင်းဘဝတစ်လျှောက်လုံးမှာပါ အခက်တွေ့ရနိုင်ပါတယ်။ ကလေးတွေအတွက် အလိုအပ်ဆုံးက သူနဲ့ကိုယ့်ကြားမှာ နွေးနွေးထွေးထွေးချစ်ခင်ရင်းနှီးမှုသာဖြစ်ပါတယ်။ အဲသလို နွေးထွေးတဲ့ ချစ်ခင်ရင်းနှီးမှုကို ရယူနိုင်ဖို့အတွက် ကလေးနဲ့အတူနေတဲ့ အချိန်လေး ပုံမှန်ထားပေးဖို့ လိုပါတယ်။ စာအုပ်တွေထဲမှာ မြင်ရနိုင်တာ၊ ကြားရနိုင်တာလေးတွေကို ကလေးတွေဘာသာ စူးစမ်းရှာဖွေမှတ်သားတတ်လာအောင် ဘေးကနေမသိမသာလေး သိုင်းဝိုင်းပေးရပါမယ်။ စာအုပ်တွေထဲမှာ တွေ့ရမြင်ရတဲ့ အမူအရာတွေကို အတုခိုးဖြစ် လိုက်လုပ်ဖြစ်သွားအောင် အားပေးရပါမယ်။ ပုံပြင်လေးတွေကို သူတို့စိတ်ကူးလေးတွေနဲ့ သူတို့ဘာသာ ဖန်တီးပြီးပြောဖြစ်လာအောင် အားပေးရ၊ တိုက်တွန်းရပါမယ်။ စာအုပ်တွေကို ကလေးတွေကိုယ်တိုင် စူးစမ်းကြည့်ရှုတဲ့အခါ မဟန့်တားဘဲ ခွင့်ပေးရပါမယ်။ ကလေးက သူ့စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောတာဆိုတာ၊ နေတာထိုင်တာတွေကို သဘောကျတဲ့ပုံပန်း၊ ကျေနပ်တဲ့ပုံပန်းကို ပြပေးကြရပါမယ်။

“ရွှေမိ”ဟာ ကလေးမလေးတစ်ယောက်ရဲ့တစ်နေ့တာကို သရုပ်ဖော်ထားတာ ဖြစ်ပါတယ်။ တစ်နေ့တာရဲ့ ပုံမှန်အလုပ်တွေ၊ တစ်နေ့တာအတွင်း သူ့မိသားစုဝင်တွေက သူကလေး ကျန်းမာအောင်၊ လုံခြုံအောင်၊ စူးစမ်းလေ့လာတတ်လာအောင်နဲ့ သူ့ကိုယ်သူ ယုံကြည်မှု ရှိလာအောင် အားပေးတိုက်တွန်းကြပုံတွေကို ဖော်ပြထားတာပါ။ ကလေးငယ်လေးတွေ အတွက် ကစားဖို့က သိပ်ကို လိုအပ်ပါတယ်။ ကစားရင်းနဲ့ သူတို့လေးတွေဟာ ကိုယ့် အကြောင်းကိုယ် သိလာနိုင်တယ်။ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း သိလာနိုင်တယ်။ အခက် ကြုံတဲ့အခါ ဘယ်လိုဖြေရှင်းရမလဲဆိုတာလည်း သိလာနိုင်တယ်။ ကိုယ်ခန္ဓာကို ဘယ်လို အသုံးချရမလဲ၊ ဘယ်လိုစိတ်ကူးထုတ် လုပ်ယူရမလဲဆိုတာတွေလည်း သိလာနိုင်ကြပါတယ်။ ဈေးကြီးပေးရတဲ့ အရုပ်တွေ၊ ကစားစရာတွေကို ကလေးတွေအတွက် မလိုလှပါဘူး။ သည်စာအုပ်ထဲက ရွှေမိရဲ့ “အကြိုက်ဆုံး ကစားစရာ” ဟာ ဆင်လုပ်ပြီး သူနဲ့ကစားပေးတဲ့ သူ့အဖေပါပဲ။ သည်တော့ကာ စာဖတ်သူကိုယ်တိုင်ဟာလည်းပဲ ကိုယ့်ကလေးရဲ့ အကြိုက်ဆုံး ကစားစရာဖြစ်နေနိုင်တာ အမှန်ပါပဲ။

ကိုယ့်ကလေးကျန်းမာသန်စွမ်းအောင်၊ ပျော်ရွှင်အောင်၊ စူးစမ်းလေ့လာတတ်အောင်၊ သူ့ ကိုယ်သူယုံကြည်မှုရှိလာအောင် ကူညီဖေးမပေးနိုင်တဲ့စွမ်းရည်တွေက လူတိုင်းလူတိုင်း၊ မိသားစုဝင်တိုင်းမှာ ရှိပါတယ်။ စာဖတ်သူကိုယ်တိုင်လည်း ကိုယ့်ကလေးအတွက် အားရ ကြည်နူးစရာ တစ်ခုမကလုပ်ပေးခဲ့ပြီးဖြစ်မှာ သေချာပါတယ်။ သင်နဲ့ သင့်ကလေးတို့ရဲ့ နေ့စဉ်ဘဝမှာ တစ်နည်းတစ်လမ်းအထောက်အပံ့ဖြစ်စေဖို့ရည်ရွယ်ချက်နဲ့ သည်စာအုပ်ကို တင်ဆက်လိုက်တာပါပဲ။